
# ခရစ်ယာန်အိမ်ထောင်မိသားစု၌ ဘုရားတရားကိုင်းရှိုင်းသော ခေါင်းဆောင်မှုလိုအပ်ချက်

**The Necessity of Godly Leadership in the Covenant Home**

ကျွန်ုပ်တို့ခရစ်ယာန် အိမ်ထောင်အများစုသည် သဘောထားကွဲလွဲမှု၊ ဆက်ဆံရေးညံ့ဖျင်းမှု၊ သား/သမီးများ ဆိုးသွမ်းမှု၊ အိမ်ထောင်ရေးတွင်ဆက်ဆံရေး အားနည်း မှု၊ ဝိညာဉ်ရေး၌ နှေင့်နှေးမှုနှင့် လောကီရေးရာများ စသည့် အရာများနဲ့ မကြာခဏ ရင်ဆိုင်တတ်ပါသည်။ ခရစ်ယာန်အိမ်ထောင်တွင် ခေါင်းဆောင်မှုဟာ အရေးအကြီးဆုံးဖြစ်သည်။ ဖေက်မြို့တွင်ရှိသော အသင်းသူ/သားတို့အား ရှင်ပေါလု၏တိုက်တွန်းချက်မှာ ခင်ပွန်းသည် အိမ်ထောင်တွင် ဦးခေါင်းအဖြစ် ဖော်ပြရေးသားခဲ့သည်(**ဧ ၅း၂၂-၆း၄**)။ ဖခင်နှင့်ခင်ပွန်းများဖြစ်သော အမျိုးသားများသည် သူတို့၏ခရစ်ယာန်မိသားစုများတွင် ဖြစ်ပျက်နေသည့်အရာများကို တာဝန်ယူဆောင်ရွက်ရန် အင်မတန်လိုအပ်ပါသည်။

## အသင်းတော်နှင့် အိမ်ထောင်မိသားစု၌ ဘုရားဝတ်ပြုခြင်း

တနင်္ဂနွေနေ့ အသင်းတော်ပုံမှန်ဘုရားဝတ်ပြုခြင်းနှင့် မိသားစုဝတ်ပြုမှုတို့တွင် သမ္မာကျမ်းစာကိုအခြေခံရမည်ဖြစ်သည်။ အသင်းတော်၌ရှိသော သူ၏လူများနှင့်ဘုရားသခင်သည်ပဋိညာဉ်ပြု၍ ၎င်းတွင် အိမ်ထောင်ဦးစီးများအပါအဝင် ဘုရားသခင်ရွေးကောက်သောသူများလည်း ပါဝင်သည်။ သမ္မာကျမ်းစာတစ်လျှောက်တွင် အသင်းတော်နှင့် ပဋိညာဉ်အိမ်၌ မိသားစု ဝတ်ပြုခြင်းသည် အခြေခံယူနစ်တစ်ခု အဖြစ်ရှုမြင်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်သည် မိသားစု၊ ပဋိညာဉ်အိမ်၊ အသင်းတော်တို့နှင့် ဆက်စပ်ပြီး အထူးသဖြင့် ခရစ်တော်အားဖြင့် သူပဋိညာဉ် ပြုသောလူများနှင့် ဘုရားသခင်၏ ဆက်နွှယ်မှုကို ပေါ်ထွန်းစေသည်။





တနင်္ဂနွေနေ့တွင် သစ္စာရှိစွာဖြင့်အသင်းတော်ဝတ်ပြုခြင်း၌ ပါဝင်ဆက်ကပ်ခြင်းသည် ခရစ်ယာန် မိသားစုတိုင်းလိုက်နာ

လုပ်ဆောင်ရမည့် အရေးကြီးသောတာဝန်ဖြစ်သည်။ ယနေ့ ခရစ်ယာန်မိသား စုများသည် အသင်းသား/သူများ၏ ဝိညာဉ်-ကျန်းမာရေးကို ထိခိုက်စေပြီး လောကဖိအားခံနိုင်ရည် တဖြည်းဖြည်းနည်းလာခြင်း၌ ကြီးထွားလာကြသည်။ ဤမျက်မှောက် ခေတ်တွင်၊ လွှမ်းမိုးကြီးစိုး သောလောကယဉ်ကျေးမှုသည် ခရစ်ယာန်အိမ်ထောင်ရေးနှင့် မိသားစုအပေါ် ရန်လို-မုန်းတီးပြီး တစ်ခါတစ်ရံတွင် သမ္မာကျမ်းစာကိုပါဆန့်ကျင်ကာ အသင်းတော်နှင့် လူ့အဖွဲ့အစည်း၏ကိုယ်ကျင့်တရားများကို ပျက်ပြားစေသည်။ ဒါတွေကို ကျွန်ုပ်တို့သတိရှိရှိ ဆန့်ကျင်ရန်ဖြစ်သည်။

ဝိညာဉ်ရေးခေါင်းဆောင်များအနေနှင့် ဥပုသ်နေ့တွင် အချိန်မှန် ပုံမှန်ဘုရားဝတ်ပြုရန်၊ အခြားဓမ္မအမှုတော်များတွင်ပါဝင်ရန်နှင့် ဝတ်ပြုနေစဉ်တွင် ဟောပြောသော နှုတ်ကပတ်တော်ကို အာရုံစိုက်နိုင်ဖို့ ခင်ပွန်းနှင့် ဖခင်များသည် မိသားစုတစ်ခုလုံး ဘုရားကျောင်းသို့ ခေါ်ဆောင်သင့်သည်။ ခရစ်ယာန်အားလုံးသည် ဘုရားသခင်အိမ်တော်၌ အသင်းတော်တစ်ခုအဖြစ် ပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့မိသားစုအသက်တာ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည် (**ဟေဗြဲ ၁၀:၂၄၊ ၂၅**)။ ခရစ်တော်သည် မိသားစုနှင့် ဥပုသ်ဝတ်ပြုခြင်း၏အဓိကဗဟိုချက်ဖြစ်ပြီး ဇနီးသည်များသည်လည်း ခင်ပွန်းများ၏ ဦးဆောင်မှုကို နာခံရန်လိုအပ်ပါသည်။

## မိသားစု ဦးစီးမှုတာဝန်




အိမ်ထောင်တစ်ခုတွင် ခရစ်ယာန်ခင်ပွန်း၏ ဦးစီးမှုသည် အသင်းတော်အပေါ် ခရစ်တော်၏ ဦးစီးမှု (**ဧဖက် ၅:၂၂-၂၃**) မှ ဆင်းသက်လာခြင်းဖြစ်သည်။ သမ္မာကျမ်းစာအရ အိမ်ထောင်ဦးစီးသည် အဖွဲ့အစည်း သို့မဟုတ် အသင်းတော်တွင် မိမိ၏ဇနီးနှင့် သားသမီးများကို တရားဝင်ကိုယ်စားပြုပြီး ၎င်းတို့၏အပြုအမူအတွက် ဘုရားသခင်မှာ တာဝန်ရှိသည်။ အသင်းတော်ဟာ မိသားစုကို ကိုယ်စားပြုသော အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားပြီး၊ ခရစ်တော်သည် ဘုရားသခင်၏ အိမ်သူအိမ်သား၏ ခေါင်းဖြစ်သည်။ မိသားစုဝတ်ပြုခြင်းသည် ခရစ်ယာန်မိသားစုဦးစီးများက ဘုရားသခင်၏အမိန့်တော်ကို တုံ့ပြန်ခြင်းဖြစ်သည်။ ထာဝရဘုရား၏လမ်းတော်၌မိမိတို့၏ဆွေမျိုးများကို ညွှန်ကြားစေခြင်းငှာ၊ (**ကမ္ဘာဦး ၁၈:၁၉**) မိသားစုဝတ်ပြုခြင်းတွင် တစ်ဦးချင်းစီနှင့် ကျမ်းစာသင်ယူလေ့လာမှု၊ ဆုံးမပဲ့ပြင်ခြင်းနှင့် ဝိညာဉ်ရေးရာသွန်သင်ချက်တို့ကို အပြည့်အဝနာခံဖို့

ရန်ဖြစ်သည်။ ဤတာဝန်ကို အခြားသူတစ်ဦးအား လွှဲအပ်ခြင်းမပြုနိုင်သည်မှာ ထင်ရှား ပါသည်။ ၎င်းသည် အိမ်ထောင်ဦးစီးလုပ်ရမည့် ဘုရားသခင်အမိန့်တော်ဖြစ်ပြီး ကလေးများနှင့် အိမ်ဖော်များအပါအဝင် မိသားစုတစ်ခုလုံးနှင့် သူ့အသက်တာအတွက် မရှိမဖြစ်လို အပ်ပါသည်။

ရှေးဦးစွာ ဘုရားသခင်ကို ရိုသေခြင်း၊ ဝတ်ပြုကိုးကွယ်ရန် အဆင်သင့်ရှိသော ဘုရားတရားကိုင်းရှိုင်းသောမိဘများက သားသမီးများကို ချစ်ခြင်းမေတ္တာနှင့် ပုံသက်သေဖြင့် သွန်သင်ခြင်း၊ လမ်းညွှန်ခြင်းနှင့် လွှမ်းမိုးခြင်းတို့ လိုအပ်သည် (**ကော ၃း၁-၅**)။ ကလေးတွေဟာ သူတို့မိဘတွေ ရဲ့စံနမူနာကို အတုယူတတ်ပြီး၊ သူတို့ဖခင်စောစောထ ဆုတောင်းပြီး ပြင်ဆင်တာတွေ၊ တနင်္ဂနွေနေ့ တိုင်း သတိရှိရှိအချိန်မှန်ဘုရားကျောင်းသွားတာတွေကို မြင်တွေ့ခြင်းအားဖြင့် အကောင်းဆုံးသင် ယူကြသည်။ ၎င်းက သူတို့အား သမ္မာကျမ်းစာကျကျ ဝတ်ပြုကိုးကွယ်ခြင်း၊ နေ့စဉ်ဝတ်ပြုမှုနှင့် ခရစ်ယာန်'မှု'များကို သွန်သင်ပေးမည်ဖြစ်သည်။

## မိသားစု၌ ပုံမှန် ကျမ်းစာဖတ်ရှုခြင်းနှင့် ဆုတောင်းခြင်း။

ဘုရားသခင့်နှုတ်မြွက်စကားတော်ကို ဖတ်ရှုခြင်းသည် မိသားစုဝတ်ပြုရေးတွင် မရှိမဖြစ် လိုအပ်ပြီး လုပ်ဆောင်ရမည့် အရာတစ်ခုဖြစ်သည်။ ဘုရားမဟုတ်-လူသားတို့ရေးထားသောစာအုပ်များသည် မည်မျှကောင်းသည်ဖြစ်စေ ထိုကျမ်းစာကို လောကီစာအုပ်များနှင့် အစားထိုးခြင်း မပြုသင့်ပေ (**၂တိ ၂း၁၅၊ ၃း၁၆၊ ၁၇**)။

ကျမ်းစာဖတ်ရှုခြင်းနှင့် ဆုတောင်းခြင်းသည် ဝိညာဉ်ရေးခေါင်းဆောင်မှုကို ကျင့်သုံးခြင်း၏ အရိုးရှင်းဆုံးနည်းလမ်းဖြစ်သည်။ ကလေးတွေအတူနှင့် ကျမ်းစာကိုလေ့လာသည့်အခါ နည်းလမ်းတစ်ခုမှာ ကလေးတွေကို အသံကျယ်ကျယ် သို့မဟုတ် တိတ်ဆိတ်စွာ ကျမ်းပိုဒ်ကို ဖတ်ခိုင်းပြီး ခက်ခဲသော စကားလုံးများနှင့်ပတ်သက်သော မေးခွန်းများတွေမေးပြီး ဖခင်က ကျယ်လောင်စွာဖတ်ကြားသော ကျမ်းပိုဒ်ကို ကလေးတွေက ကြားရန်ဖြစ်သည်။ ထို့နောက် ဖခင်သည် မေးခွန်းမေးခြင်း၊ မှတ်ချက်ပေးခြင်း၊ သို့မဟုတ် ကျမ်းပိုဒ်တစ်ခုကို အလွတ်ကျက်ခိုင်းခြင်း သို့မဟုတ် မေးခွန်းများကိုဖြေဆိုခြင်း သို့မဟုတ် နှုတ်ကပတ်တော်ကို လက်တွေ့အသုံးချမှုနှင့်ပတ်သက်သော အိမ်စာတွေပေး နိုင်ပါသည်။



ခင်ပွန်းသည်များသည် မိသားစုအပေါ် ဘုရားသခင်၏အမိန့်တော်များကို တုံ့ပြန်ရာတွင် မိမိဇနီး မယားများကို ချစ်သင့်သည် (**ဧဖက် ၅း၂၅-၂၈၊ ကောလ ၃း၁၉**)။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် အပြောထက် ပို၍ထင်ရှားသည်။ ခင်ပွန်းသည်များသည် ဘုရားသခင်နှင့် သူတို့၏ဇနီးမယား များကို ချစ်ကြောင်း ပြသရန်လိုအပ်သည်။ ဘုရားသခင်နှင့် သူတို့၏မိခင်ကို ချစ်ကြောင်း သက်သေပြသည့် သူတို့ဖခင်၏ မေတ္တာတွေကို သားသမီးများသည် မြင်တွေ့ရန်လိုအပ်ပြီး ဘုရားသခင်ထံ သူမ အတွက်ဆုတောင်းခြင်းဖြစ်စေ သို့မဟုတ် အချို့အလုပ်တွင် ကူညီခြင်းဖြစ်စေ (ဥပမာ- သန့်ရှင်းရေး၊ အခြားသောအလုပ်များနှင့် မိခင်၏အလုပ်သည် အရေးကြီးကြောင်း ကလေးများအား သက်သေ ပြရန်) သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာများတွင် သူမကို ကျောထောက်နောက် ခံပေးခြင်းလည်း ပါဝင်သည်။ ဖခင်များသည် ဘုရားသခင်၊ မိခင်၊ အသင်းတော်နှင့် ကိုယ်တော်၏ နှုတ်ကပတ် တော်တို့ကို ကြောက်ရွံ့ရိုသေပြီး ချစ်ကြောင်း နေ့စဉ်အသက်တာတွင် သားသမီးတို့အား သက်သေ ပြရန် အရေးကြီးသည် (ယေရမိ ၁၅း ၁၆)။


## ကျွန်ုပ်တို့သားသမီးများ၏ ဝိညာဉ်ရေးရာတက်ကြွမှု

ဘုရားသခင်၏ကတိတော်များသည် ကျွန်ုပ်တို့နှင့် သားသမီးများအတွက်ဖြစ်သည် (Act 2:38,39)၊ သို့သော် ကျွန်ုပ်တို့သည် သားသမီးများထံ ဧဝံဂေလိတရားကိုဝေမျှရန်နှင့် ဘုရားသခင်၏ အလိုတော် နှင့်အညီ သားသမီးများကို ပြုစုပျိုးထောင်ရန် ပျက်ကွက်ပါက ကျွန်ုပ်တို့၏ သားသမီးများ၏ ကယ်တင်ခြင်းကို စိတ်မချသင့်ပါ။ **ဧဖက် ၆:၄ နှင့် တမန်တော် ၁၆:၃၁** ၌ ဖခင်များထံ ဘုရားသခင် ပေးသော ဓမ္မသစ်လမ်းညွှန်ချက်များကို လျစ်လျူရှုပါက ကျွန်ုပ်တို့၏ သခင်ခရစ်တော်နှင့် ကယ်တင် ရှင်သည် မည်သို့ဖြစ်မည်နည်း။

ခရစ်ယာန်အချို့သည် ဤအရေးကြီးသောမှတ်သွင်းခံ 'မှု' ကို သတိမပြုမိကြပေ "သူငယ်သွားရာ လမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွှဲ၊ လိုက် သွားလိမ့် မည်။" (**သု ၂၂:၆**)။ ဤအချက်များသည် ခရစ်ယာန်မိသားစုသမိုင်းတွင် ဖခင်ဦးဆောင်သော မိသားစု ပုံမှန်ဝတ်ပြုရေးအလေ့အကျင့်ကို ဆိုလိုသည်။ သို့သော် ယနေ့တွင် ဧဝံဂေလိတရားကို ငြင်းပယ် ခဲ့သော သားသမီးများသည် သမ္မာကျမ်းစာဖြင့် ကြီးပြင်းလာကြောင်း စိတ်ရင်းမှန်ဖြင့် အခိုင်အမာ အတည်ပြုနိုင်ခဲ့သည့် မိဘများမည်မျှရှိသနည်း။ သားသမီးတွေကို Sunday-school နှင့် ဘုရား ကျောင်းသို့ ပို့ဆောင်သော မိဘများမည်မျှရှိမည်နည်း။ ဖခင်မဟုတ်ဘဲ မိခင်က ဆုံးမသော သားသမီး များ ဘယ်လောက်ရှိမလဲ။ စဉ်းစားစရာတစ်ခုပါ။

ဖခင်များနှင့် မိခင်များသည် သားသမီးများကို သွန်သင်ဆုံးမသင့်သည်။ ရှင်ပေါလုက “အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော့” (**ဧဖက် ၆း၄**)။ ဆုံးမခြင်းမှာ သွန်သင်ခြင်းနှင့် ဖြောင့်မတ်စွာပြုပြင်ခြင်း နှစ်ခုလုံးပါရှိပြီး ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း သားသမီးများ ရင့်ကျက်ကြီးပြင်းလာမည်ဆိုပါက ၎င်းတို့နှစ်ခုစလုံး (သွန်သင်ခြင်းနှင့် ပြုပြင်ခြင်း)ကို ကျင့်သုံးရမည်။ ၎င်းတို့အား shorter catechism ဟုခေါ်သော အတိုချုပ်-ကျမ်းစာအမေးအဖြေ သင်ခန်းစာကို သင်ကြားပေးခြင်းသည် ထိရောက်ပြီး ချစ်ခြင်းမေတ္တာဖြင့် ဆုံးမရမည်ဖြစ်သည် (၁တိ ၄း၁၂)။

ဖခင်များနှင့် မိခင်များသည် မိသားစုနှင့်အတူ ဘုရားသခင့်နှုတ်မြွက်စကားတော်ကို လေ့လာရန် အချိန်သီးသန့်ထားရှိရန်လိုအပ်သည်။ ဘုရားသခင့်နှုတ်ကပါဌ်တော်နှင့် ကိုယ်တော်၏ ခိုင်လုံပြီး အဓိပ္ပာယ်နဲ့ပြည့်ဝလျှက်ရှိသော တရားဥပဒေများမှလွဲ၍ ဘုရားတရားကိုင်းရှိုင်းသော မိသားစုများကို မည်သည့်အရာကမျှ ကြီးထွားသန်မာစေမည်မဟုတ်ပါ။ **၂ တိ ၁း၅ နှင့် ၃း၁၅-၁၇** သည် ကျွန်ုပ်တို့၏မိခင်များ၊ အဖွားများမှတစ်ဆင့် နှုတ်ကပတ်တော်ဖြင့် သွန်သင်ခြင်းနှင့် တည်ဆောက်ခြင်းနည်းလမ်းအကြောင်း ပြောဆိုသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မိသားစုများနှင့် အတူ နှုတ်ကပတ်တော်များကို လေ့လာသောအခါ အရာ‘နှစ်ခု’ကို ပြီးမြောက်စေသည်။ ပထမမှာ- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သားသမီးများအသက်တာ၌ ဘုရားသခင့်နှုတ်ကပါဌ်တော်၏ သွန်သင်ချက်များကို ဝိညာဉ်ရေးရာယုံကြည်ချက်အဖြစ် သွတ်သွင်းသည်။ ဒုတိယမှာ- ကြွယ်ဝသော အသက်တာအတွက် ဘုရားသခင့်နှုတ်မြွက်စကားတော် အသိပညာသည် အရေးကြီးသာမက အကျိုးရှိပြီး လိုအပ်ကြောင်း ကျွန်ုပ်တို့၏မိသားစုများကို သတိပေးသည်။



ခင်ပွန်းသည်များနှင့် ဖခင်များသည် ဝိညာဉ်ရေးခေါင်းဆောင်များဖြစ်သကဲ့သို့ ၎င်းတို့၏ မိသားစုများအတွက် မကြာခဏ ဆုတောင်းသင့်သည်။ မိသားစုများသည် ကျွန်ုပ်တို့၏ လူ့အဖွဲ့ အစည်းနှင့် အသင်းတော်၏ အဆောက်အအုံများဖြစ်သည်။ စာတန်သည် ခရစ်ယာန်မိသားစုများကို ဖျက်ဆီးရန် အမြဲကြိုးစားနေပြီး အိမ်ထောင်ရေးကွာရှင်းခြင်း၊ အိမ်ထောင်ဖက်အကြမ်းဖက်မှုများနှင့် ဆယ်ကျော်သက်ကလေးများပုန်ကန်မှုနှင့် အခြားဆက်ဆံရေး ပြဿနာများကို လှုံ့ဆော်ပေးသည်။ ထို့ကြောင့် မိဘများသည် သားသမီးများအတွက် စိတ်အားထက်သန်စွာဖြင့် ဆုတောင်းရန် အလွန်အရေးကြီးသည်။ သားသမီးများအတွက်ဆုတောင်းသော မိခင်မိုနီကာနှင့် ဆူဇန်နာတို့သည် ဩဂုတ်စတင်း၊ ချားလ်စ်နှင့် ဂျွန်ဝီစလီတို့အတွက် ဆုတောင်းခဲ့ကြသည်။ ဂျိမ်းစ်က "အချင်းချင်းတယောက်နှင့်တယောက်၊ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည် အကြောင်း၊ အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး သောပဌနာသည် အလွန်တန်ခိုးပါ၏" ဟု ဆိုသည် (**ယာကုပ် ၅:၁၆**)။

ဖေဖေနှင့်မေမေတို့သည် တစ်ခုခုအဆင်မပြေသည့်အခါနှင့် လမ်းညွှန်မှုလိုအပ်သည့်အခါ ဘုရားသခင်ထံတော်သို့လှည့်ပြီး ကျေးဇူးတော်ပလ္လင်တော်၌ သူတို့အတွက် ပုံမှန်ဆုတောင်းပေးကြောင်းနှင့် ဖေဖေ့မှာ တာဝန်ရှိတယ်ဆိုတာ ကလေးများသိထားရန် လိုအပ်သည်။

ဖခင်သည် သူတို့အတွက်သာမက၊ သူ့ရဲ့အလုပ်ငန်း၊ အသင်းတော်တာဝန်၊ သူ့ကလေး၏ဆရာများနှင့် ၎င်းတို့အပေါ် လွှမ်းမိုးသော အခြားသူများအားလုံးအတွက်ပါ ဘုရားသခင်၏လမ်းညွှန်မှုကို တောင်းခံရန် စိုးရိမ်ပူပန်မှုရှိကြောင်း သားသမီးတို့ သိထားဖို့လိုသည်။ မကြာခဏဘုရား နဲ့တိုင်ပင်သောမိဘများအသက်တာတွင် ဘုရားသခင်သည် အလွန်အရေးကြီးသော ပုဂ္ဂိုလ်ဖြစ် ကြောင်း ကလေးများသိစေဖို့လိုအပ်သည်။ ဖခင်၏ နေ့စဉ် ဘုရားသခင်နဲ့ စကားပြောနေ တာတွေနှင့် သူ့နှုတ်ကပတ်တော်ကို နက်နဲစွာဖတ်ရှုလေ့လာတာတွေ မြင်တွေ့ခြင်းအားဖြင့် သားသမီးများသည် ထိရောက်မှုရှိစွာ သင်ယူကြသည်။

## နိဂုံး

အသင်းတော်သည် မိသားစုများ၏ ဝိညာဉ်ရေးရာကျန်းမာရေးနှင့်အတူ တိုးတက်မှု သို့မဟုတ် ကျဆုံးမှုဖြစ်စေနိုင်ပြီး၊ ကျွန်ုပ်တို့သည် သခင်ဘုရားကိုချစ်၍ သူ၏နှုတ်ကပတ်တော်များကို သိနားလည်ပြီး အသင်းတော်နှင့် မိသားစုတွင်စည်းကမ်းရှိသော ခေါင်းဆောင်များနှင့် ဖခင်များ ဖြစ်ရန် တိုက်တွန်းနှိုးဆော်ဖို့နှင့် ဆုတောင်းပေးရန် အထူးလိုအပ်သည်။ မိသားစုဝိညာဉ် ရေးခေါင်းဆောင်

သည် သခင်ဘုရားအလိုတော်အတိုင်း ကယ်တင်ခြင်း သို့မဟုတ် ခရစ်တော်၏ ဧဝံဂေလိတရားနှင့် နှုတ်ကပါဌ်တော်ကို မိသားစုဝင်များနှင့် သူ၏အိမ်ဖော်များထံ ဆုတောင်းပြီး ဝေငှသက်သေ ခံရန်ဖြစ်သည်။ သူသည် စံနမူနာနှင့် ကျမ်းစာလမ်းညွှန်ချက်များဖြင့် အိမ်သူအိမ်သား (သို့) မိသားစုကို ဦးဆောင်ရမည်ဖြစ်သည်။ ~ **အာမင်**။

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore

ဘာသာပြန်သူ- *Mr. Benjamin Chui*